




# အစီအစဉ် ( ၂၆ )

## “COVID-19 ကမ္ဘာ့ကပ်ရောဂါ နှင့် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေး”

တင်ပြသူ
ဒေါက်တာ မိုမိုတင်

COVID-19 ကမ္ဘာ့ကပ်ရောဂါသည် မြန်မာနိုင်ငံသို့ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ကူးစက်လာခဲ့ပြီး မည်သည့် အချိန်တွင် ထိုကပ်ရောဂါဘေးမှ ကင်းဝေးနိုင်ကြမည်ကို ခန့်မှန်းရုံမှအပ မည်သူမျှအတပ်မပြောနိုင်ကြသေးပေ။






ကမ္ဘာတစ်ဝှမ်း စီးပွားရေးထိခိုက်မှု များရှိသလို မြန်မာနိုင်ငံတွင်လည်း ထိခိုက်မှု များရှိပြီး ကိုဗစ်ကာလနှင့် ကိုဗစ်အလွန် ကာလများတွင် ကယ်ဆယ်ရေးနှင့်ပြန်လည် ထူထောင်ရေး အစီအစဉ်များကို အစိုးရက အကောင်အထည်ဖော်လျက်ရှိသည်။

အရေးပေါ်အခြေအနေများတွင်
ရန်ပုံငွေများနှင့် ဘတ်ဂျက်များကို
မလျော်ကန်စွာ အသုံးပြုသည့်ကိစ္စများ
ဖြစ်ပေါ်နိုင်ပြီး COVID-19 ကာလအတွင်း
ဝင်ငွေနည်းပါသည့် နိုင်ငံများတွင်
အကျင့်ပျက်ခြစားမှု ကိစ္စရပ်သည် နှစ်ဆအထိ
တိုးမြှင့်နိုင်ပါသည်။







လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး
လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ယူ
တာဝန်ခံမှုရှိခြင်းသည် ဖွံ့ဖြိုးမှု အကူအညီများကို
အလိုအပ်ဆုံးသူများအတွက် အကျိုးပိုရှိစေမည်ဟု
ပညာရှင်များက ဆိုကြပါသည်။







အခက်အခဲကာလတွင် ရန်ပုံငွေများကို ကောင်းမွန်စွာ အသုံးမပြုနိုင်ခြင်းသည် လူအများနှင့် စားသုံးသူများ၏ ရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်ရာ ရောက်လိမ့်မည် ဖြစ်သည်။






အများပြည်သူဆိုင်ရာ ပစ္စည်းများ
ဝယ်ယူခြင်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည် ထူထောင်ရေးလုပ်ငန်း
တို့အတွက် ဈေးငွေများ ချပေးရာတွင်
ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့်
တာဝန်ခံမှုသည် အရေးကြီးပါသည်။



အရေးပေါ်အခက်အခဲကာလများတွင် အများပြည်သူဆိုင်ရာပစ္စည်းများ ဝယ်ယူရာတွင် အနည်းဆုံးလိုအပ်ချက်များ ထည့်သွင်းသတ်မှတ်လုပ်ဆောင်သင့်ကြောင်း Transparency International တွင်ဖော်ပြထားသည်။









# အများပြည်သူဆိုင်ရာပစ္စည်းများ ဝယ်ယူရာတွင် အနည်းဆုံးလိုအပ်ချက်များ

- ❖ ကုန်ပစ္စည်းများ၏ နည်းပညာဆိုင်ရာသတ်မှတ်ချက်များ၊ အရေအတွက်နှင့်အရည်အသွေး အပါအဝင် ဝယ်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်သော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ သတင်းအချက်အလက်၊
- ❖ ဝယ်ယူသည့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ တစ်ခုချင်းဈေးနှုန်းနှင့် စုစုပေါင်း ဈေးနှုန်း၊
- ❖ ဝယ်ယူမှု အမျိုးအစား၊
- ❖ စာချုပ်ချုပ်ဆိုမည့်သူ၏ အသေးစိတ်အချက်အလက်များ၊
- ❖ ဝယ်ယူရာတွင် နည်းပညာနှင့် စီးပွားရေးဆိုင်ရာ တရားမျှတမှု (အကြောင်းပြချက်ခိုင်မာမှု)၊




# အများပြည်သူဆိုင်ရာပစ္စည်းများ ဝယ်ယူရာတွင် အနည်းဆုံးလိုအပ်ချက်များ

- ❖ စာချုပ်၏စွမ်းဆောင်ရည်အတွက် လိုအပ်သောအချက်အလက်များ၊ ဥပမာ-ရက်စွဲ၊ နေရာ၊ ပေးပို့ရမည့် သတ်မှတ်ချက်များ၊
- ❖ ဝယ်ယူရေးအတွက် အကျိုးသက်ရောက်စေမည့် လူဦးရေ သို့မဟုတ် အခြားမရှိမဖြစ် လိုအပ်ချက်၊
- ❖ စာချုပ်ပါစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိစစ်ဆေးရန်၊
- ❖ ဂယ်ယူရေးအတွက်တာဝန်ရှိသည့် အစိုးရအဖွဲ့အစည်းနှင့် အရာရှိများ၊
- ❖ ဂယ်ယူရေးလုပ်ငန်းစဉ်အတွင်း စာရင်းစစ်ခြင်း၏ ရလဒ်များနှင့်ပတ်သက်သော သတင်းအချက်အလက်။







အများပြည်သူဆိုင်ရာဝယ်ယူရေးလုပ်ငန်းများတွင်လည်း လက်တွေ့ဖော်ဆောင်သူများက အဂတိတရားကင်းဝေးမှသာ အန္တရာယ်ကင်းပြီး ဘေးကင်းလုံခြုံသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပြည်သူများက ရရှိနိုင်မည်ဖြစ်သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ နှင့်
ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက်
ရန်ပုံငွေများပေးအပ်ရာတွင်လည်း
ထိုရန်ပုံငွေများကို တောင်းဆိုစဉ်က
လိုအပ်သည့်အတိုင်း၊ နိုင်ငံတော်က
ချမှတ်ထားသည့် ဦးစားပေး အစီအစဉ်အတိုင်း
အမှန်တကယ် အကောင်အထည်ဖော်မှုများ
ရှိမရှိကို ပြန်လည်စစ်ဆေးနိုင်ရေးအတွက်
အစိုးရမဟုတ်သော တတိယအဖွဲ့အစည်း
များဖြစ်သည့် (NGO)၊ အရပ်ဖက် အဖွဲ့
အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်
လိုအပ်ပါသည်။



ထိုသို့ချေးငွေ၊ ရန်ပုံငွေများ ပေးအပ်ရာတွင် ရန်ပုံငွေ တောင်းခံစဉ်က စာရွက်စာတမ်းပါအချက်များအတိုင်း အမှန်တကယ်ဖော်ဆောင်ခြင်းရှိ/မရှိကို စစ်ဆေးနိုင်ရန်အတွက် ၎င်းတို့နှင့် ပတ်သက်သော သတင်းအချက်အလက်များ (ဥပမာ-အမည်၊ လိပ်စာ၊ လုပ်ငန်း၊ လုပ်ငန်းကာလ၊ ရရှိမည့်အကျိုးရလဒ်များ)ကို အများပြည်သူသိရှိအောင် ပွင့်လင်းမြင်သာစွာ ဖော်ပြပေးပါက ပြည်သူလူထု၏ ပါဝင်လာမှု (Public Participation)၊ ယုံကြည်မှု(Trust)၊ တုံ့ပြန်မှု (Feedback)များကိုလည်း ပိုမိုရရှိမည်ဖြစ်ပါသည်။



ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့်အတူ တရားဥပဒေစိုးမိုးမှုပါ ပိုမိုရှိလာသည်နှင့်အမျှ လာဘ်ပေး လာဘ်ယူမှု၊ အကျင့်ပျက်ခြစားမှုများ၊ အလွဲသုံးစားပြုလုပ်မှုများ နည်းသွားနိုင်သလို၊ မချမ်းသာသော မိမိတို့နိုင်ငံအတွက် အမှန်တကယ်လိုအပ်သော နေရာများတွင် ပိုမိုအကျိုးရှိစွာ သုံးစွဲနိုင်ပြီး COVID-19 ကပ်ဘေး ရိုက်ခတ်မှုမှ အမြန်ဆုံးပြန်လည် ထူထောင်နိုင်ကာ အစိုးရ၊ လုပ်ငန်းရှင်၊ စားသုံးသူ ပြည်သူပြည်သား အားလုံးအကျိုးခံစားရမည်ဖြစ်သည်။

# ရည်ညွှန်းကိုးကားချက်များ


(i) Sarah Steingrüber, Monica Kirya, David Jackson and Saul Mullard (2020).

(ii) Transparency International (2020). Public Procurement during States of Emergency: Minimum Requirements to Ensure the Integrity of Contracts Awarded during Crises.

(iii) Photos credit to original uploader

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူဆိုင်ရာ ဖြောင့်မတ်တည်ကြည်မှု ရှုထောင့်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အသိပညာပေး ကဏ္ဍ၏ အထူး အစီအစဉ်အနေနှင့် “ACC Against COVID-19” ခေါင်းစဉ်ဖြင့် ACC Facebook Page တွင် နယ်ပယ် အသီးသီးမှ ပညာရှင်များရေးသားထားသော ဆောင်းပါးများကို တင်ပြလျက်ရှိပါကြောင်းနှင့် ဆောင်းပါးပါ အကြောင်းအရာများသည် စာရေးသူများ၏ အာဘော်များသာဖြစ်ပြီး မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ယူဆချက်များ၊ အာဘော်များကို ကိုယ်စားပြုခြင်း မရှိပါကြောင်း ဖော်ပြ အပ်ပါသည်။

A special program “ACC Against COVID-19” is arranged on ACC Facebook Page where articles of eminent persons from various fields are collected and posted as awareness in preventing corruption from the view of public integrity. The opinions in those articles are only of theirs alone and do not necessarily reflect the opinions of ACC Myanmar.